
## Atrial Fibrillation (AF) ဆိုတာဘာလဲ?

နှလုံး၏ လျှပ်စီးကြောင်းစနစ်သည် နှလုံးအပေါ်ခန်းနှင့် အောက်ခန်း ကြွက်သားများစည်းချက်ညီညီညှစ်ရန်နှင့် နားရန်အတွက် ပုံမှန်လုပ်ဆောင်ပေးသည်။ မှုမမှန်သောလျှပ်စစ်စီးမှုများ ဖြစ်ပွားလာသောအခါ နှလုံး အပေါ်ခန်းကြွက်သားများသည် စည်းချက်ညီညီမညှစ်နိုင်တော့ပဲတုန်ခါမှုဖြစ်လာသည်။ ယင်းအခြေအနေကို နှလုံးအပေါ်ခန်းကြွက်သားတုန်ခြင်း (Atrial Fibrillation) ဟုခေါ်သည်။






## ဘယ်အသက်အရွယ်မှာ ဖြစ်နိုင်သလဲ ?

အသက်အရွယ်မရွေး ဖြစ်နိုင်သည်။ အသက် (၆၀) ကျော် အရွယ်တွင် ဖြစ်လေ့ရှိသည်။ အသက် (၆၅) နှစ်ကျော်လျှင် လူအယောက် (၁၀၀) တွင် (၉)ယောက်ခန့် ဖြစ်နိုင်ချေရှိသည်။

## ရောဂါလက္ခဏာများ - AF ရလျှင် ဘယ်လိုခံစားရမလဲ ?

- ပင်ပန်းနွမ်းနယ်ခြင်း
- နှလုံးခုန်မမှန်ခြင်း (သို့မဟုတ်) မြန်လိုက်နှေးလိုက်ဖြစ်ခြင်း
- အသက်ရှူမဝခြင်း
- ရင်တုန်ခြင်း
- နေ့စဉ်ဘဝ ကိုယ်လက်လှုပ်ရှားမှုများမလုပ်နိုင်တော့ခြင်း
- ရင်ထဲတွင် တင်းကျပ်သကဲ့သို့ ခံစားရခြင်း
- ခေါင်းမူးနောက်ခြင်း
- မိုက်ခနဲသတိလစ်သလိုဖြစ်ခြင်း
- သာမန်ထက် ဆီးပိုသွားခြင်း







## AF ဖြစ်ပွါးနိုင်သောအခြေအနေများ (Risk Factors)

AF သည် ကျန်းမာသောလူနေမှု ပုံစံရှိပြီးမည်သည့်ရောဂါမျှ မရှိသော လူများတွင်လည်း ဖြစ်ပွားနိုင်သည်။

အဖြစ်များလေ့ရှိသောအကြောင်းရင်းများမှာ -

- အသက် (၆၀) နှစ် နှင့်အထက်
- သွေးတိုးရောဂါ ရှိသူများ
- နှလုံးသွေးကြောကျဉ်း ရောဂါရှိသူများ
- နှလုံးအားနည်းပြီး အမောဖောက်သူများ
- နှလုံးအဆို့ရှင် မကောင်းသောသူများ
- နှလုံးခွဲစိတ်ကုသမှု ခံဖူးသူများ
- အိပ်ပျော်စဉ် ဟောက်တတ်သူများ (sleep apnoea)
- သိုင်းရွိုက်ဂလင်းရောဂါရှိသူများ
- ဆီးချိုရောဂါရှိသူများ
- နာတာရှည် အဆုတ်ရောဂါရှိသူများ
- အရက်နှင့် စိတ်ကြွဆေးသုံးစွဲသူများ
- ပြင်းထန်စွာ နာမကျန်းဖြစ်သူများ

## AF ရှိကြောင်းမည်သို့ သိနိုင်မလဲ ?


- လက်ကောက်ဝတ် သွေးတိုးနှုန်းစမ်းခြင်း



- အီးစီဂျီဆွဲခြင်း
- Holter Monitoring (၂၄ နာရီ အီးစီဂျီတပ်ခြင်း)
- Implantable Loop Recorder တပ်ဆင်ခြင်း


## မကုသဘဲထားလျှင် ဘာဖြစ်မလဲ ?

နှလုံးအခန်းများအတွင်း သွေးခဲမှုန်များ ဖြစ်ပေါ်တတ်သည်။ ထိုသွေးခဲမှုန်များသည် သွေးလွှတ်ကြောများမှ တဆင့် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွားပြီး ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း နှင့် ခြေလက်သွေးကြောပိတ်ခြင်းများ ဖြစ်လာနိုင်သည်။





နှလုံးခုန်နှုန်းမြန်ခြင်းကြောင့် နှလုံးအောက်ခန်း (Ventricles) ကြွက်သားများ အားလျော့လာပြီး နှလုံးအမောဖောက်ခြင်း(Heart Failure) ဖြစ်စေနိုင်သည်။



## AF ကိုမည်သို့ ကုသနိုင်မည်လဲ ?

**ကုသရခြင်း၏ ရည်ရွယ်ချက်မှာ**

- လေဖြတ်ခြင်းကိုကာကွယ်ရန် (stroke prevention)
- နှလုံးခုန်နှုန်း ထိန်းရန် (rate control)
- ဖြစ်နိုင်ပါက နှလုံးစည်းချက် ပုံမှန် ပြန်ဖြစ်ရန် (rhythm control)
- ဖြစ်စေနိုင်သောအကြောင်းအရင်းခံများနှင့် နောက်ဆက်တွဲ ဘေးအန္တရာယ်များကိုကုသရန် (treatment of risk factors and complications)
- အခြေအနေပိုဆိုးစေနိုင်သောအကြောင်းအရင်းခံများကို ရှာဖွေ၍ လျှော့ချရန် (reduction of precipitating factors)

## AF ရှိသောသူများတွင် လေဖြတ်နိုင်ခြေရှိမရှိမည်သို့ သိနိုင်မလဲ ?

$CHA_2DS_2$-$VAS_c$ Score ဖြင့် တွက်နိုင်ပါသည်။

| | | |
|---|---|---|
| C | Congestive Heart Failure<br>နှလုံးအားနည်း၍ အမောဖောက်ခြင်း | ၁ မှတ် |
| H | Hypertension<br>သွေးတိုးခြင်း | ၁ မှတ် |
| A | Age > 75 yr<br>အသက် ၇၅ နှစ် အထက်ဖြစ်ခြင်း | ၂ မှတ် |
| D | Diabetes Mellitus<br>ဆီးချိုရှိခြင်း | ၁ မှတ် |
| S | Prior Stroke or mini stroke (transient ischaemic attack)<br>ယခင် လေဖြတ်ဖူးခြင်း (သို့မဟုတ်) လေဖြန်းဖူးခြင်း | ၂ မှတ် |
| V | Peripheral Vascular Disease or Coronary Artery Disease<br>ခြေလက်များတွင် သွေးကြောရောဂါရှိခြင်း (သို့မဟုတ်) နှလုံးသွေးကြောရောဂါ ရှိခြင်း | ၁ မှတ် |
| A | Age 65-74 yr<br>အသက် ၆၅ နှစ် မှ ၇၄ နှစ် အတွင်း ဖြစ်ခြင်း | ၁ မှတ် |
| S | Sex Category (i.e. Female Sex)<br>အမျိုးသမီး ဖြစ်ခြင်း | ၁ မှတ် |

လိုအပ်ပါက ဆရာဝန်နှင့်တိုင်ပင်ပြီး လေဖြတ်ခြင်းကိုကာကွယ်ရန် သွေးကျဲဆေးသောက်ရပါမည်။

## ကုသနိုင်သည့် နည်းလမ်းများ

(၁) *ဆေးဝါးဖြင့် ကုသခြင်း (medical therapy)*


- ♦ နှလုံးခုန်နှုန်းထိန်းခြင်း (rate control)
- ♦ နှလုံးစည်းချက် မှန်အောင် ကုသခြင်း (rhythm control)
- ♦ သွေးကျဲဆေးပေးခြင်း (anti-coagulation)

(၂) *Cardioversion* - နှလုံးစည်းချက်မှန်အောင် လျှပ်စစ်ဖြင့် ရော့ရိုက်၍ ကုသခြင်း

(၃) *Catheter Ablation* - နှလုံးအခန်းများထဲသို့ ပိုက်များထည့်၍ လျှပ်စီးလမ်းကြောင်းများအား ရှာဖွေပြီး အပူလှိုင်းပေး၍ ကုသခြင်း

## အရေးကြီးသောလိုက်နာသင့်သည့် အချက်များ (Risk Factor Control)

- သွေးပေါင်ထိန်းပါ။
- သွေးတွင်းအဆီဓါတ် လျှော့ချပါ။
- အစားအသောက် ဆင်ခြင်ပါ။
    - ဟင်းသီးဟင်းရွက်နှင့် အသီးအနှံ ပိုမိုစားသုံးပါ။
    - ပြည့်ဝဆီပါသော အစာများကိုရှောင်ကြဉ်ပါ။
    - ဆားလျှော့စားပါ။
- လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ။ (ခပ်သွက်သွက် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ Yoga ကျင့်ခြင်း)
- ကိုယ်အလေးချိန် လျှော့ချပါ။
- တရားထိုင်ခြင်း၊ Yoga ကျင့်ခြင်း၊ မိမိချစ်ခင်သူများနှင့် အချိန်ပေးတွေ့ဆုံခြင်းဖြင့် စိတ်ဖိစီးမှု လျှော့ချပါ။
- အရက်သေစာနှင့် စိတ်ကြွဆေးများရှောင်ကြဉ်ပါ။
- Sleep apnoea ရောဂါ ရှိပါကသက်ဆိုင်ရာ ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးပါ။ ညအိပ်ချိန်တွင် သွေးတွင်းအောက်ဆီဂျင် အပြည့်အဝ ရရန် လိုအပ်ပါက CPAP (Continuous Positive Airway Pressure) အသုံးပြု၍ အိပ်ပါ။



# Atrial Fibrillation

## နှလုံးခုန်နှုန်း စည်းချက်မမှန်ခြင်း

"နှလုံးစည်းချက် မမှန်ခြင်းကြောင့် သွေးခုန်နှုန်းစည်းချက်မမှန်ခြင်းကို သိရှိပါက ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေး၍ ရုတ်တရက် လေဖြတ်ခြင်းကို ကာကွယ်ရန် ကုသမှုကိုအမြန်ဆုံးခံယူပါ"

"နှလုံးစည်းချက် မှုမမှန်ခြင်း သတိပြုမိစေရန် ပညာပေးခြင်း"

နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်
ကျန်းမာရေးဝန်ကြီးဌာန
၂၀၂၂